# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 21 , 2025 Volume 96 , Number 13


၂၁-၁၁-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၅.၂၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၆.၇၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၄၉.၃၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၃.၄၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၃၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၅၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၆.၅၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၇၀ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄

၀၁-၃၇၆၄၁၆

၀၁-၃၇၆၄၉၀

ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပို့ကုန်ပဲများ အဝယ်ပြန်သွက်လာသလို မြေပဲဆန်နှင့် ပဲဖတ်များ ဆက်လက်ဝယ်လိုအားကောင်းနေ




ပို့ကုန်ပဲများ အဝယ်ပြန်သွက်လာသလို မြေပဲဆန်နှင့် ပဲဖတ်များ ဆက်လက် ဝယ်လိုအားကောင်း ဈေးကောင်းရရှိနေကြောင်း ကုန်သည်များထံက သိရသည်။

နိုဝင်ဘာလ တတိယပတ်တွင် ကမ္ဘာ့ရွှေဈေးနှင့် ဒေါ်လာ ဈေးကောင်းလာတာကြောင့် ပို့ကုန်ပဲများ ဈေးမြင့်တက်ခြင်း မရှိသော်လည်း အဝယ်သွက်လာခြင်းဖြစ်သည်။

လက်ရှိနိုဝင်ဘာ ၂၀ ရက် တွင် ကမ္ဘာ့ရွှေဈေး၊ ဒေါ်လာ ဈေးမြင့်တက်လာတာနှင့်အတူ ပို့ကုန် ပဲစင်းငုံ၊ မတ်ပဲဈေးမှာအနည်းငယ်မြင့်တက်လာသလို အဝယ်ပြန်သွက်လာကြောင်း ပြည်တွင်းမှာပဲဖတ်ဈေးကွက်ဈေးကောင်းရနေတာကြောင့်လည်း မြေပဲဆီဆန်မှာ အရောင်းအဝယ် ဆက်လက်ကောင်းနေကြောင်း ပြည်တွင်း ပဲဖတ်ဈေးမှာ စံချိန်တင် ဈေးကောင်းရရှိနေခြင်းကြောင့် ဆီစက်ပိုင်များ ဆီကြိတ်အားများနေခြင်းဖြစ်ကြောင်း ပဲကုန်သည် ဦးကျော်သွင်(ရွှေစင် သိန်းပွဲရုံ)ပိုင်ရှင်က ပြောသည်။

“ဒီရက်ပိုင်း ပို့ကုန်ပဲတွေဈေးအနည်းငယ်တက်လာပြီး အဝယ်သွက်လာပါတယ်။ ပြည်တွင်းသုံး ကုလားပဲတွေလည်း အမျိုးအစားအလိုက် တစ်ပိဿာ ငွေကျပ် ၁၀၀၀ ခန့် ဈေးတက်လာပါတယ်။ ပဲဖတ်ဈေးကတော့ စံချိန်တင်ဈေး ဖြစ်လာပါတယ်။ လက်ရှိမှာ ပဲတစ်ပိဿာ ငွေကျပ် ၇၀၀၀ နီးပါးအထိ ပေါက်ဈေး ရှိလာပါတယ်´´ ဟု ၎င်းက ပြောသည်။

နိုဝင်ဘာ ၂၀ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်တက်လာရာ ပဲစင်းငုံပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၃,၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၅,၀၀၀၊ ပဲတီစိမ်း(အညာ)သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၃၄၀,၀၀၀ အထိပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာအမျိုးအစားလိုက် တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀ ခန့် ဈေးပြန်မြင့်တက်လာရာ V2 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၈,၀၀၀၊ V7 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၈,၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၈,၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေ ကျပ် ၂၃၅,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ နိုဝင်ဘာ ၂၀ ရက်တွင် ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၅၀၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၈၈၀,၀၀၀-၉၀၀,၀၀၀၊ ပဲနီပြာ(ကျွန်း)တစ်အိတ်လျှင် ငွေကျပ် ၅၃၀,၀၀၀၊ ပဲထောပတ် (သစ်) တစ်အိတ်လျှင် ငွေကျပ် ၂၈၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၀,၀၀၀၊ စားတော်ပဲ (ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၄၂၀,၀၀၀ ပေါက်ဈေး ရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ နိုဝင်ဘာ ၂၀ ရက်တွင် နှမ်းနက်သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၈၀,၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၅,၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၀,၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၄၀၀-၈၅၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄,၀၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၆၉၀၀၊ နှမ်းဖတ်တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၊ နေကြာဖတ် တစ်ပိဿာလျှင် ငွေကျပ် ၃၄၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source :မကွေးဂျာနယ်**

## ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ပုလဲ ၂၁၉ တွဲ ရောင်းချရ




နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမမှာ ကျင်းပနေတဲ့ မြန်မာ့ကျောက်မျက် ရတနာပြပွဲ တတိယနေ့ဖြစ်တဲ့ နိုဝင်ဘာ ၁၉ ရက်က ပုလဲအတွဲပေါင်း ၂၁၉ တွဲ ရောင်းချရတယ်လို့ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက သိရပါတယ်။

ပြပွဲတတိယနေ့မှာရောင်းချမဲ့ပုလဲအတွဲတွေကိုပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်တွေက ကြည့်ရှုစစ်ဆေးကာ ဈေးနှုန်းတင်သွင်းလွှာ တွေကို သက်ဆိုင်ရာ တင်ဒါပုံးတွေထဲ ထည့်သွင်းခဲ့ တယ်လို့ ဆိုပါတယ်။

အဲဒီတင်သွင်းထားတဲ့ ပုလဲအတွဲ အမှတ်၂၄၇ကနေ ၄၈၉အထိ တင်သွင်းထားတဲ့ ဈေးနှုန်းတင်သွင်း လွှာတွေကို တာဝန်ရှိ သူတွေက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၂၁၉ တွဲ ရောင်းချရကြောင်း ကြေညာခဲ့တာ ဖြစ်ပါတယ်။

ပြပွဲစတုတ္ထနေ့မှာလည်း ကျောက်မျက်အတွဲပေါင်း ၁၆၀ ကို အိတ်ဖွင့်တင်ဒါစနစ်နဲ့ ပြည်တွင်း၊ ပြည်ပရတနာ ကုန်သည်တွေ ကို ဆက်လက်ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။

ပြပွဲကို နိုဝင်ဘာ ၁၇ရက်ကနေ ၂၆ ရက်အထိ ၁၀ ရက်ကြာ ကျင်းပသွားမှာဖြစ်ပြီး ကျောက်စိမ်းတွဲ ၅၀၈၅တွဲ၊ ကျောက်မျက် ရိုင်း ၁၃ တွဲနဲ့ ကျောက်မျက်လက်ဝတ်ရတနာ ၁၄၇ တွဲ စုစုပေါင်းအတွဲ ၁၆၀ နဲ့ ပုလဲ ၄၈၉ တွဲကို ပြည်တွင်း၊ ပြည်ပရတနာ ကုန်သည်တွေကို အိတ်ဖွင့် တင်ဒါစနစ်နဲ့ ရောင်းချပေးသွားမှာ ဖြစ်တယ်လို့ သိရပါ တယ်။

ပုလဲအတွဲတွေကို နိုဝင်ဘာ၁၈ ရက်နဲ့၁၉ ရက်၊ ကျောက်မျက်အတွဲတွေအားလုံးကို နိုဝင်ဘာ၂၀ ရက်နဲ့ ကျောက်စိမ်းအတွဲ တွေကို နိုဝင်ဘာ ၂၁ရက် ကနေ၂၆ ရက်အထိ ရောင်းချပေးသွားမှာဖြစ်ပြီး ပြပွဲမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံတဲ့ အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်၊ ထိုင်းဘတ်ငွေတွေနဲ့ ရောင်းချပေးတာဖြစ်ပါတယ်။

**Source :** https://onenewstvchannel.com/

## စားသောက်ကုန်လုပ်ငန်း ၄ ခုနှင့် ကိုရီးယားကုမ္ပဏီ MOU ရေးထိုး




မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တဲ့ ကုမ္ပဏီ ၄ ခုနဲ့ တောင်ကိုရီးယားနိုင်ငံမှာရှိတဲ့ ပို့ကုန်သွင်းကုန် ကုမ္ပဏီ တစ်ခုတို့ အကြား ကနဦးအဆင့် နားလည်မှုစာချွန်လွှာ (MoU) တစ်စောင်စီ ရေးထိုးခဲ့ကြတယ်လို့ ဆိုးလ်မြို့ရှိ မြန်မာသံရုံးက သိရပါတယ်။

ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့အနီးက Ilsan (အူလ်ဆန်) မြို့ရှိ Korea International Exhibition Center (KINTEX)မှာ နိုဝင်ဘာလ ၁၃ ရက်ကနေ ၁၆ ရက်အထိ ကျင်းပခဲ့တဲ့ ASEAN Trade Fair 2025 မှာအဲဒီကုမ္ပဏီနဲ့MoU တွေရေးထိုးခဲ့ကြတာ ပါ။

အဲဒီကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံကိုယ်စားပြု စားသောက်ကုန်ကုမ္ပဏီ ၉ ခု သွားရောက်ပြသခဲ့ရာမှာ ကုမ္ပဏီ ၄ ခုနဲ့ နားလည်မှုစာချွန်လွှာတွေ ရေးထိုးနိုင်ခဲ့တာ ဖြစ်ပါတယ်။

မြန်မာ့စားသောက်ကုန်ကုမ္ပဏီတွေဖြစ်တဲ့ Apiculture Resource and Business Center– ARBC (သို့မဟုတ်) Plan Bee ပျားရည်၊မြန်မာပြည်သား(အိမ်ချက်)စားသောက်ကုန်လုပ်ငန်း၊သရဝဏ်ရွှေကုမ္ပဏီ၊ရသာတော်ဝင်ကုမ္ပဏီတို့နဲ့ကိုရီးယား ထုတ်ကုန်တွေကို မြန်မာမှာ ဖြန့်ဖြူးရောင်းချနေတဲ့ Aerial Korea Co., Ltd ကုမ္ပဏီတို့ နားလည်မှုစာချွန် လွှာရေးထိုးခဲ့ကြ တာပါ။

အခုလို ကနဦးအဆင့် MoU ရေးထိုးရာမှာ မြန်မာလုပ်ငန်းရှင်တွေ ဆုံးရှုံးနစ်နာမှု မရှိစေဖို့အတွက် တစ်ဖက်အဖွဲ့ အစည်းရဲ့ ခိုင်မာမှု၊ လိုအပ်တဲ့ စာရွက်စာတမ်းတွေအတွက် နှစ်နိုင်ငံ တည်ဆဲဥပဒေတွေနဲ့အညီ ဖြစ်စေဖို့ ဆိုးလ်မြို့ရှိ မြန်မာသံရုံးဘက်က လိုအပ်တာတွေ ကူညီဆောင်ရွက်ပေးသွားမယ်လို့ သိရပါတယ်။

ASEAN Trade Fair 2025 မှာ လက်ဖက်နှပ်၊ လက်ဖက်ခြောက်၊ ဟင်းခတ်အမွှေးအကြိုင်၊ သဘာဝပျားရည်၊ ဘာလချောင်ကြော်အမျိုးမျိုး၊ အမဲသားမွှကြော်၊ ရွှေချည်ဆနွင်းမကင်း၊ အ သင့်စား ဂျုံယိုထုပ်၊ အသင့်သောက်မန်ကျည်း ဖျော်ရည်တို့အပြင် ကော်ဖီ၊ ကွတ်ကီး၊ ပုစွန်ခြောက်၊ ပဲပြုတ်ပေါင်း စည်သွပ်ဘူးအပါအဝင် ကုန်စည်အများစုကို ကိုရီးယား ဈေးကွက်မှာ ဝယ်ယူတင် သွင်းနိုင်ဖို့အတွက် ကုန်စည်နမူနာတွေ တောင်းယူခံခဲ့ရပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ကိုလည်း ဆွေးနွေးနိုင်ခဲ့တယ်လို့ သိရပါတယ်။

အခုနှစ်မှာပြပွဲကိုလာတဲ့အဖွဲ့အစည်းတွေနဲ့ လူပုဂ္ဂိုလ်တွေက မြန်မာ့ဈေးကွက်အပေါ်စိတ်ဝင်စားမှုများခဲ့သလို မြန်မာ့ စားသောက်ကုန်တွေ ဝယ်ယူတင်သွင်းဖို့ စိတ်ဝင်စားတဲ့ လုပ်ငန်းရှင်တွေနဲ့လည်း ချိတ်ဆက်တာတွေ ဆောင်ရွက်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။

တောင်ကိုရီးယားနိုင်ငံရှိ အာဆီယံ-ကိုရီးယားစင်တာက ဆိုးလ်မြို့အခြေစိုက် အာဆီယံသံရုံးတွေနဲ့ ပူးပေါင်းပြီး အာဆီယံ ကုန်စည်ပြပွဲတွေကို နှစ်စဉ်ကျင်းပနေတာ ဖြစ်ပါတယ်။

**Source:** https://onenewstvchannel.com/

## ရာသီဥတုအေးလာသည့် မန္တလေးတွင် တန်ဖိုးနည်းတရုတ်အနွေးထည်များအရောင်းသွက်



ရာသီဥတုစတင်အေးမြလာမှုကြောင့် မန္တလေးမြို့တွင် တန်ဖိုးနည်းအနွေးထည်များ ဝယ်ယူသူများ လာကြောင်း ဒေသခံများကပြောသည်။

ဆောင်းအဝင်နောက်ကျမှုကြောင့် ၂၀၂၅ ခုနှစ် ၊နိုဝင်ဘာ ၁၉ ရက်နေ့ နံနက်ပိုင်းက စတင်ကာ အေးမြလာခဲ့ခြင်းဖြစ်ကာ အနွေးထည်များဝယ်ယူလာကြခြင်းဖြစ်သည်။

“ဝင်ငွေတွေကနည်းတော့ အဖိုးနည်းဝန်ပါအနွေးထည်တွေပဲအများဆုံးဝယ်ကြတာပေါ့။ ဒါတောင်တချို့ အခြေခံလူတန်းစားတွေအနေနဲ့ဝယ်နိုင်လောက်တဲ့ဈေးနှုန်းတွေမဟုတ်ပြန်ဘူး။ အရင်ကထက်စာရင်ဈေးတွေ အတော်မြင့်လာတယ်”ဟု အောင်မြေသာစံမြို့နယ်မှအမျိုးသားတစ်ဦးကပြောသည်။

လက်ရှိအချိန်တွင်တရုတ်ဖက်မှဝင်ရောက်လာသော တန်ဖိုးနည်းအဝတ်အထည်များဖြစ်ပြီး အနွေးထည်ဈေးနှုန်းများမှာ အနည်းဆုံးငွေကျပ် ၅၀၀၀ ဝန်းကျင်ရှိကြောင်းသိရသည်။

**Source :** https://opinionleadersmedia.com/

## ရွှေဖရုံသီးဈေးနှုန်းဈေးကွက်



ကျောက်ဆည်ခရိုင်အတွင်းတွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကုန်စိမ်းသီးနှံဖြစ်သော ရွှေဖရုံသီး သီးနှံကိုလည်း တစ်နှစ်ပတ်လုံး စိုက်ပျိုးကြသည်။

ရွှေဖရုံသီးကို ကျောက်ဆည်ခရိုင် အတွင်းတွင် တစ်နိုင်တစ်ပိုင်သာမက စီးပွားဖြစ်လည်းစိုက်ပျိုးကြကြောင်း ၊ ရွှေဖရုံသီးကို မိုးဦးကာလဖြစ်သော မေလနှင့်ဇွန်လများတွင်လည်းကောင်း ၊ ဆောင်းရာသီကာလဖြစ်သော အောက်တိုဘာနှင့် နိုဝင်ဘာလများတွင်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ရွှေဖရုံသီးစိုက်ပျိုးမှု တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ၅၀၀,၀၀၀ ကျပ် ဝန်းကျင်ခန့် ကုန်ကျကြောင်း ၊ အပင်သက်တမ်းအနေဖြင့် ရက်ပေါင်း၁၀၀-၁၂၀ ကြားတွင် အသီးသီးကြပြီး တစ်ဧက အထွက်နှုန်းအနေဖြင့် မြေအမျိုး အစားပေါ်မူတည်ပြီး အလုံးပေါင်း ၁၀၀၀-၁၅၀၀ ထိ အသီးသီးကြောင်း၊ ရွှေဖရုံသီးကို ပိဿာဖြင့် ရောင်းချလျက်ရှိပြီး ဈေးနှုန်းအနေဖြင့် လက်ကားတစ်ပိဿာလျှင် ၁၅၀၀ကျပ်နှင့် လက်လီတစ်ပိဿာလျှင် ၂၀၀၀ ကျပ်များဖြင့် အရောင်းအဝယ်ဖြစ်လျက် ရှိကြောင်း ၊ ရွှေဖရုံသီးနှင့် ရွှေဖရုံစေ့တို့သည် အရိုးကြီးထွားမှုကို အထောက်အပံ့ဖြစ်စေသည့်အပြင် အဆစ်အမြစ်ရောင်ရမ်း နာကျင်ခြင်းတို့ကိုလည်း သက်သာစေကြောင်း၊ရွှေဖရုံသီးကို သက်သတ်လွတ်ဟင်းလျာအဖြစ် စားကြသကဲ့သို့ မိမိနှစ်သက်ရာ ပုစွန် သို့မဟုတ် အသားတစ်မျိုးမျိုးနှင့် ရော၍ချက်ပြုတ် စားသုံးနိုင်ကြောင်း၊ ရွှေဖရုံသီးပေါင်း၊ ရွှေဖရုံသီး စွပ်ပြုတ် နှင့် ရွှေဖရုံသီး ဆန်ပြုတ်အဖြစ် စားသုံးလေ့ရှိကြကြောင်း၊ ရွှေဖရုံသီးကို အကြော်ကြော်၍လည်း ရောင်းချကြကြောင်း၊ ဈေးကွက်အနေဖြင့် အောင်ပန်း၊ ရေဦး၊ ရှမ်းဒေသများမှ အများဆုံးဝင်ရောက်လျက်ရှိကြောင်း၊ ရွှေဖရုံသီး စားသုံးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများရရှိစေပြီး တစ်ဧကစိုက်ပျိုးမှု အကျိုးအမြတ်အနေဖြင့် စိုက်ပျိုးစရိတ်နုတ်ပြီး ၁,၀၀၀,၀၀၀ ကျပ် ခန့်မြတ်ကြောင်း ရွှေဖရုံသီး စိုက်ပျိုးသော တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA (မန္တလေး)**

## Microsoft သည် ပေါ်တူဂီနိုင်ငံရှိ ဒေတာစင်တာတွင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်




ပေါ်တူဂီနိုင်ငံ Sines မြို့ရှိ ဒေတာစင်တာ ပရောဂျက်တစ်ခုတွင် Microsoft မှ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ကုမ္ပဏီဥက္ကဋ္ဌ ဘရက်စမစ်က လစ်စဘွန်းတွင် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ပြုလုပ်သည့် Web Summit တွင် ပြောကြားခဲ့သည်။

ကုမ္ပဏီသည် ၂၀၂၆ အစောပိုင်းတွင် အရင်းအနှီး စတင်ဖြန့်ကျက်ရန်

စီစဉ်နေပြီး မျိုးဆက်သစ် Nvidia Blackwell Ultra GB30 ဂရပ်ဖစ်ကတ် ၁၂၆၀၀ ကို Start Campus ဆိုက်သို့ ပို့ဆောင်ရန် စီစဉ်နေကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

Microsoft က အဆိုပါ ပဏာမခြေလှမ်းကို ဥရောပရှိ အကြီးဆုံး AI ကွန်ပျူတာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများထဲမှ တစ်ခုအဖြစ် ဖော်ပြခဲ့ပြီး ပေါ်တူဂီသည် လုံခြုံပြီး ရေရှည်တည်တံ့သော AI ဖွံ့ဖြိုးတိုးတက်မှုတွင် ဦးဆောင်သူတစ်ဦးအဖြစ် ရပ်တည်ခဲ့သည်။

Smith သည် Sines ၏ မဟာဗျူဟာမြောက် အခန်းကဏ္ဍကို မြောက် အမေရိကနှင့် ဥရောပကို ဆက်သွယ်ပေးသည့် အတ္တလန္တိတ်ရေအောက် ကေဘယ်ကြိုးများအတွက် ဆင်း သက်ရာနေရာအဖြစ် မီးမောင်းထိုးပြခဲ့သည်။

ပေါ်တူဂီနိုင်ငံ၏ တတ်နိုင်သောစွမ်းအင်၊ အဆင်ပြေသော ရာသီဥတုနှင့် ခိုင်မာသော broadband အခြေခံအဆောက်အအုံများသည် အနာဂတ် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် ခိုင်မာသောအနေအထားတွင် ရှိနေကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပေါ်တူဂီနိုင်ငံတော် ပြုပြင်ပြောင်းလဲရေးဝန်ကြီး Goncalo Matias က ပေါ်တူဂီအစိုးရသည် AI "gigafactories" အတွက် ထိပ်တန်းဥရောပအချက်အချာဖြစ်လာစေရန် ရည်မှန်းထားကြောင်း ပြောကြားခဲ့သည်။

အစိုးရနှင့် ပုဂ္ဂလိက ရန်ပုံငွေများ ပေါင်းစပ်ထားသည့် Sines ရှိ AI gigafactory တစ်ခုအတွက် ပေါ်တူဂီ ဖွံ့ဖြိုးရေးဘဏ် (Banco Portugues de Fomento)မှ တင်သွင်းသည့် အမျိုးသားအဆိုပြုချက်ကို အစိုးရကထောက်ခံကြောင်း ၎င်းက ပြောကြားခဲ့သည်။

လစ်စဘွန်းတွင် ၂၀၁၆ ခုနှစ်ကတည်းက ကျင်းပခဲ့သည့် Web Summit သည် နည်းပညာခေတ်ရေစီးကြောင်းများကို ဆွေးနွေးရန်အတွက် ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင် သူများ၊ စီးပွားရေးခေါင်းဆောင်များနှင့် ရင်းနှီးမြှုပ်နှံသူများကို စုစည်းထားသည်။

ကြာသပတေးနေ့အထိ ကျင်းပသည့် ယခုနှစ် အခမ်းအနားတွင် ပါဝင်သူ ၇၀,၀၀၀ ကျော်၊ startup ၂၅၀၀ နှင့် ရင်းနှီးမြှုပ်နှံသူ ၁၀၀၀ ကျော်တို့ ပါဝင်သည်။ ၎င်းတွင် တရုတ်နိုင်ငံ၏ AI တိုးတက်မှုများ၊ နက်ရှိုင်းသော နည်းပညာသုတေသနနှင့် စက်မှုအသွင်ကူးပြောင်းမှုကို မီးမောင်းထိုးပြသည့်သီးခြားစင်မြင့်တစ်ခုနှင့်အတူ တရုတ်ထိပ်သီးအစည်းအဝေးလည်းပါဝင်ကြောင်း သိရသည်။

**Source: Xinhua**

**DOCA (ရန်ကုန်)**

## မလေးရှား၏ ဝန်ဆောင်မှုကဏ္ဍမှ ဝင်ငွေသည် ၂၀၂၅ ခုနှစ် တတိယသုံးလပတ်တွင် ၆ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့




မလေးရှားနိုင်ငံ၏ ဝန်ဆောင်မှုကဏ္ဍ၏ ဝင်ငွေသည် ၂၀၂၅ ခုနှစ် တတိယသုံးလပတ်တွင် တစ်နှစ်ထက်တစ်နှစ် ၆ ဒသမ၁ ရာခိုင်နှုန်း တိုးလာပြီး ရင်းဂစ် ၆၅၇ ဒသမ၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၅၈ ဒသမ၆၃ ဘီလီယံ) ရှိကြောင်း နိုဝင်ဘာလ ၁၁ ရက်နေ့ကဖော်ပြခဲ့သော တရားဝင်အချက်အလက်များအရ သိရသည်။

စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများတွင် စဉ်ဆက်မပြတ်တိုးချဲ့မှုနှင့် ကဏ္ဍအားလုံးတွင် အပြုသဘောဆောင်သော စွမ်းဆောင်ရည်များဖြင့် တိုးတက်မှုကို ပံ့ပိုးပေးခဲ့ ကြောင်း မလေးရှားစာရင်းအင်းဌာနမှ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်လီလက်ကား ရောင်းဝယ်မှု၊ တည်းခိုနေထိုင်မှုနှင့် အစားအသောက်နှင့် အဖျော်ယမကာကဏ္ဍများသည် တတိယ သုံးလပတ်တွင် တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုနှုန်း ၅ ဒသမ၈ ရာခိုင်နှုန်း စံချိန်တင်ခဲ့ပြီး၊ စုစုပေါင်း ဝင်ငွေ ရင်းဂစ် ၄၉၆ ဒသမ၈ ဘီလီယံအထိ ရှိပြီး ယခင်သုံးလပတ်နှင့် နှိုင်းယှဉ်ပါက အမြင့်ဆုံးဖြစ်သည်။

ပုဂ္ဂလိကကျန်းမာရေး၊ ပုဂ္ဂလိကပညာရေး၊ အနုပညာ၊ ဖျော်ဖြေရေးနှင့် အပန်းဖြေမှု၊ ကိုယ်ရေးကိုယ်တာ ဝန်ဆောင်မှုများနှင့် အခြားလုပ်ဆောင်ချက်များသည် သုံးလပတ်အတွင်း တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုနှုန်း ၁၂ ဒသမ၄ ရာခိုင်နှုန်းကို မှတ်တမ်းတင်ထားပြီး ကျန်းမာရေး၊ ပညာရေးနဲ့ လူနေမှုပုံစံစသော ဝန်ဆောင်မှုများအတွက်ခိုင်မာ၍ ရေရှည်တည်တံ့သော စားသုံးသူများ၏ လိုအပ်ချက်ကို ရောင်ပြန်ဟပ်လျက်ရှိသည်။

တတိယသုံးလပတ် ဝန်ဆောင်မှုကဏ္ဍမှဝင်ငွေသည် ၂၀၂၅ ခုနှစ် ဒုတိယသုံးလပတ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

**Source : Xinhua**

**DOCA(ရန်ကုန်)**

## STOCK EXCHANGE (21.11.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Nov. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,866 (Shares) | 45,426,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,500 | 8,600 | 8,500 | 3,220 | 27,684,000 | 33,109,694 | 284,743 |
| MTSH | 00002 | 3,600 | +50 | +1.41% | 3,350 | 3,600 | 3,350 | 4,042 | 14,248,700 | 38,929,150 | 140,145 |
| MCB | 00003 | 7,600 | -100 | -1.30% | 7,600 | 7,600 | 7,600 | 10 | 76,000 | 10,400,986 | 79,048 |
| FPB | 00004 | 2,100 | +0 | +0.00% | 2,100 | 2,100 | 2,100 | 5 | 10,500 | 29,664,613 | 62,296 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 181 | 524,900 | 12,823,224 | 37,187 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,650 | 1,750 | 1,650 | 1,119 | 1,901,450 | 19,977,223 | 34,960 |
| AMATA | 00007 | 3,600 | -50 | -1.37% | 3,600 | 3,600 | 3,600 | 158 | 568,800 | 10,497,598 | 37,791 |
| MAEX | 00008 | 3,150 | +50 | +1.61% | 3,050 | 3,150 | 3,050 | 131 | 412,550 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 21st Nov. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.24 | +0.83 | +0.21% | 390.19 | 398.24 | 390.19 | 8,866 | 45,426,900 | 8 | 751,156 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 21st Nov. 2025

| Trading Volume | Trading Value |
|---|---|
| 9,505 (Shares) | 47,120,300 (MMK) |

### Main Board

As of 1:00 pm, 21st Nov. 2025

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,866 (Shares) | 45,426,900 (MMK) |

| MYANPIX | 398.24 ▲ 0.83 |
|---|---|
| Total Volume (shares) | 8,866 |
| Total Value (MMK) | 45 mil |
| Listed Company | 8 |
| Market Cap. (MMK) | 751,156 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,600 | ▲ 50 |
| MCB | 00003 | 7,600 | ▼ 100 |
| FPB | 00004 | 2,100 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,600 | ▼ 50 |
| MAEX | 00008 | 3,150 | ▲ 50 |

TIR